# မြန်မာ့ဓာတိမာန်စာပေ(၁၈၈၆–၁၉၃၀)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မကြူကြူသင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤပါရဂူဘွဲ့ယူကျမ်း၏အမည်သည် မြန်မာ့ဇာတိမာန်စာပေ (၁၈၈၆–၁၉၃၀)ဖြစ်ပါသည်။ ၁၈၈၆ မှ ၁၉၃၀ ပြည့်နှစ်အတွင်း နှစ်ပေါင်း (၄၄)နှစ်ကာလ၌ တွေ့ရှိရသော ဇာတိမာန်ဆိုင်ရာ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်များ၏ မြန်မာ့ဇာတိမာန် ထက်သန်ရေးအတွက် မည်မျှအထောက်အကူပြုခဲ့ပုံကို ဖော်ထုတ် တင်ပြရန်ရည်ရွယ်၍ ဤကျမ်းကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ ဇာတိမာန်ဆိုင်ရာ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်တို့ကို ဇာတိမာန် ရှုထောင့်မှ အဓိကထား၍ လေ့လာတင်ပြထားပါသည်။ ဇာတိမာန် ကဗျာကဏ္ဍတွင် အများသိရှိပြီးဖြစ်သော ပါတော်မူကဗျာများအပြင် မန္တလေးပျက် စည်တော်သံ၊ ပါတော်မူသျှိုးလိုက်ရတု၊ အင်္ဂလိပ်မောင်းထုတ် ပတ်တိုက်တို့ကို ထပ်မံတွေ့ရှိရသည်။ မောင်းထောင်ဦးကျော်လှ၏ ဇာတိမာန်သဘောပါဝင်နေသော သံချိုကဗျာများ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး လေးချိုးကြီးများကို လေ့လာထားပါသည်။ ဇာတိမာန်ဝတ္ထုကဏ္ဍတွင် ဦးလတ်၏ စပယ်ပင်ဝတ္ထု၊ ရွှေပြည်စိုးဝတ္ထု၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထု၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နတ်သျှင်နောင်ဝတ္ထု၊ တပင်ရွှေထီးဝတ္ထု၊ ဗညားနွဲ့ဝတ္ထုတို့ကို လေ့လာထားပါသည်။ ဇာတိမာန် ပြဇာတ်ကဏ္ဍတွင် ဇာတိမာန်သဘောပါသော ပြဇာတ်အဖြစ် ဦးလှထွန်းရေးသားသော တာဝတိံသာ ပြဇာတ်တစ်စောင်ကိုသာ တွေ့ရသည်။ လွတ်လပ်ရေး ဆုံးရှုံးသော နိုင်ငံများတွင် ဇာတိမာန်စာပေများ ပေါ်ပေါက်လာလေ့ရှိရာ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ဇာတိမာန်စာပေများ ထွန်းကားလာပုံကို လေ့လာတွေ့ရှိရသည်။ ဤကျမ်းသည် စာပေယဉ်ကျေးမှုအတွက် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုနိုင်သော ကျမ်းတစ်စောင်ဖြစ်မည်ဟု မျှော်လင့်မိပါသည်။